ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း

အကျဉ်းချုပ်

4.1.2023

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

ရန်သူတပ်သားသေဆုံး	ရန်သူတပ်သားဒဏ်ရာရ
စုံစမ်းဆဲ	**စုံစမ်းဆဲ**

အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

<u>တနင်္သာရီတိုင်း</u>

- ဇန်နဝါရီလ(၂)ရက်နေ့မနက်(၁၁)နာရီခန့်က ထားဝယ်မှလာသော ဆီပေပါများတင်ထားသည့် ရန်သူ့ယာဉ်တန်း (၈) စီးက ပုလောမြို့ မင်းပြင်ရွာအရပ်သား (၁၀) ဦးကျော်ကို ဓါးစာခံအဖြစ်ဖမ်းဆီးကာ မြိတ်ဘက်သို့ဦးတည်သွားခဲ့သည်။ အဆိုပါယာဉ်တန်းကို နေ့လည်(၃)နာရီခန့်တွင် မိုင်းဆွဲတိုက်ခိုက်ခဲ့သည်။
- ဇန်နဝါရီလ(၂)ရက်နေ့နေ့လည်(၁၂)နာရီခန့်က ထားဝယ်မြို့နယ်မှ ထွက်လာသော ရန်သူကားကြီး (၁၀)စီး၊ မြေတင်ကား (၄)စီး၊ Vigoကား (၂)စီး၊ ဟိုင်းလပ်ကား (၁)စီး၊ စုစုပေါင်း (၁၇)စီး ကို သရက်နှစ်ခွရွာတွင် မိုင်းဆွဲတိုက်ခိုက်ခဲ့သည်။
- ဇန်နဝါရီလ(၂)ရက်နေ့နေ့လည်(၃:၄၀)နာရီခန့်က တနင်္သာရီမြို့နယ်၊ သမီးလှရွာနောက်ကြော တောင်ရိုးတွင် ခလရ (၁၀၁)၊ ခလရ(၁၇) ပူးပေါင်း ရန်သူ့အင်အား (၄၀) ခန့်နှင့်တနင်္သာရီပူးပေါင်းအဖွဲ့များ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။
- ဇန်နဝါရီလ(၂)ရက်နေ့ည(၉:၃၀)နာရီခန့်က တနင်္သာရီမြို့နယ်၊(၆)မိုင်သို့ ရန်သူစစ်ကူအင်အား(၁၀၀)ခန့်ရောက်ရှိနေပြီး PDF ပူးပေါင်းတပ်ဖွဲ့များနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။

Date -04/01/23

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အာဏာသိမ်းအကြမ်းဖက်စစ်တပ်ကျူးလွန်သော ရာဇဝတ်မှုများ

ကရင်နီ(ကယား)ပြည်နယ်

- ဇန်နဝါရီလ(၃)ရက်နေ့ည(၇:၅၀)နာရီခန့်က လွိုင်ကော်မြို့နယ်၊ လယ်ထွဲရွာသို့ ရန်သူတပ်မှ ပစ်လိုက်သော လက်နက်ကြီးကျရောက်ပေါက်ကွဲကာ ပြည်သူတစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။
- ဇန်နဝါရီလ(၃)ရက်နေ့ည(၇)နာရီခန့်က ဒီးမော့ဆိုမြို့နယ်၊ အနောက်ဘက်ခြမ်းရှိ ထွီးဆို(ထုံးကျောက်တိုင်) စစ်ရှောင်စခန်းရှိ ပြည်သူများနေထိုင်ရာ တဲပေါ်သို့ ရန်သူပစ်လိုက်သော လက်နက်ကြီးနှစ်လုံးမှ တစ်လုံး ကျရောက်ပေါက်ကွဲပြီး တဲအတွင်းအိပ်နေသည့် အသက်(၅၅)နှစ်အရွယ်ရှိ ဒေါ်စုမြာ ညဘက်ပေါင်ထိမှန်ပြီး သွေးထွက်လွန်၍ သေဆုံးသွားခဲ့သည်။

မန္တလေးတိုင်း

ဇန်နဝါရီလ(၃)ရက်နေ့၊နေ့လယ်ပိုင်းနှင့်ညပိုင်းတို့တွင် နွားထိုးကြီးမြို့နယ်၊မင်းရွာကျေးရွာတွင် တပ်စွဲထားသော ရန်သူများမှ အရပ်သားပြည်သူများဖြစ်သည့် ဦးငြိမ်း(အသက်၄၅နှစ်)၊ကိုသောင်းတန်(အသက်၂၇နှစ်)နှင့် ကိုဇော်ထွေး (အသက် ၂၅နှစ်)တို့အား ဖမ်းဆီးခေါ်ဆောင်သွားပြီး ဇန်နဝါရီလ(၄)ရက်နေ့၊ နံနက်ပိုင်းတွင် နွားထိုးကြီးမြို့ အရှေ့ဘက်ရှိ ဂွေးပင်တော်လမ်းခွဲတွင် လက်ကိုကြိုးဖြင့်တုပ်၍ ဓားဒဏ်ရာ၊ ထိုးကြိတ်ဒဏ်ရာ၊ သေနတ်ဒဏ်ရာ များစွာတို့ဖြင့် သေဆုံးနေကြောင်း တွေ့ရသည်။

ရန်ကုန်တိုင်း

ဇန်နဝါရီလ(၃)ရက်နေ့ည(၁၀)နာရီခန့်က သဃ်န်းကျွန်းမြို့နယ်၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ မေတ္တာ (၂) လမ်းသို့ ရန်သူ တပ်ဖွဲ့ဝင်များ ညှော်စာရင်းစစ်ဆေးရာမှ အမျိုးသား (၁) ဦးကို ဖမ်းဆီးသွားခဲ့သည်။

တနင်္သာရီတိုင်း

ဇန်နဝါရီလ(၃)ရက်နေ့၊မနက်(၁၀)နာရီခန့်က ပုလောမြို့နယ်၊ တပိုရွာသို့ ရန်သူတပ်သားများ ဝင်ရောက်လာပြီး ပြည်သူ့နေအိမ်များကို မီးရှို့ခဲ့သည်။